အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

# (၁၂) ကြိမ်မြောက်ညီလာခံသက်တမ်း
# အတွင်းရေးမှူးအဖွဲ့ ရွေးကောက်တင်မြှောက်ပြီးစီးကြောင်း ထုတ်ပြန်ကြေညာချက်
## ရက်စွဲ - ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် **၁၂** ကြိမ်မြောက် ညီလာခံသက်တမ်း (၂၀၂၆ – ၂၀၂၈) အတွက် အတွင်းရေးမှူးအဖွဲ့အား အောင်မြင်စွာ ရွေးကောက်တင်မြှောက်နိုင်ခဲ့ကြောင်း ဝမ်းမြောက်စွာ ထုတ်ပြန်အပ်ပါသည်။ အဆိုပါ ရွေးကောက်ပွဲကို ၂၀၂၆ ခုနှစ် ဇူလိုင်လ (၈) ရက်မှ (၁၁) ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် မူဝါဒရေးရာဦးဆောင်အဖွဲ့ (Policy Board) အစည်းအဝေးတွင် ကျင်းပခဲ့ပြီး၊ အဖွဲ့ချုပ်၏ **၁၂** ကြိမ်မြောက် ညီလာခံ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

အဖွဲ့ချုပ်၏ **၁၂** ကြိမ်မြောက်ညီလာခံကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ တတိယပတ်တွင် ထိုင်းနိုင်ငံတနေရာ၌ အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ ညီလာခံတွင် **၁၁** ကြိမ်မြောက် ညီလာခံသက်တမ်းအတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် အတွင်းရေးမှူးအဖွဲ့၏ သက်တမ်းပြီးဆုံးခဲ့ပြီး၊ အဖွဲ့ဝင်အဖွဲ့အစည်း (၁၃)ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် ဖွဲ့စည်းထားသော မူဝါဒရေးရာဦးဆောင်အဖွဲ့ (Policy Board) နှင့် အဖွဲ့ဝင် (၅) ဦးပါ အကြံပေးဘုတ်အဖွဲ့ (Advisory Board) ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

သို့သော် ညီလာခံတွင် တင်ပြခဲ့သော အစီရင်ခံစာများ၊ အကဲဖြတ်သုံးသပ်ချက်များနှင့် အကြံပြုချက်များကို အခြေခံ၍ အဖွဲ့ချုပ်ကို ပိုမိုအားကောင်းလာစေရန် အချိန်လုံလောက်စွာ ရရှိစေရေးအတွက် အတွင်းရေးမှူးအဖွဲ့သစ် ရွေးကောက်တင်မြှောက်ခြင်းကို (၆) လရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ပါသည်။ ထိုကာလအတွင်း အဖွဲ့ချုပ်၏ လုပ်ငန်းများ အဆက်မပြတ် ဆက်လက်လည်ပတ်နိုင်စေရန်အတွက် အဖွဲ့ဝင် (၅) ဦးပါ ယာယီအတွင်းရေးမှူးအဖွဲ့ (Acting Secretariat Team) ကို ညီလာခံတွင် ခန့်အပ်တာဝန်ပေးခဲ့ပါသည်။

အဆိုပါ (၆) လတာကာလ ပြီးဆုံးပြီးနောက်၊ ၂၀၂၆ ခုနှစ် ဇူလိုင်လ (၁၁) ရက်တွင် ကျင်းပသော ဒုတိယအကြိမ် မူဝါဒရေးရာဦးဆောင်အဖွဲ့ အစည်းအဝေးတွင် လျှို့ဝှက်မဲပေးစနစ်ဖြင့် ပွင့်လင်းမြင်သာ၍ ဒီမိုကရေစီနည်းလမ်းကျစွာ အတွင်းရေးမှူးအဖွဲ့ကို ရွေးကောက်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ခံရသော အတွင်းရေးမှူးအဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်နေ့မှစ၍ တာဝန်များကို စတင်ထမ်းဆောင်လျက်ရှိပါသည်။

**ရွေးကောက်တင်မြှောက်ခံရသော အတွင်းရေးမှူးအဖွဲ့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**

**၁) မော်ဘျားမာဦး - အထွေထွေအတွင်းရေးမှူး**
**၂) မဖူးပွင့်သွယ် - တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)**

**၃) ခမ်းမိုင် - တွဲဖက်အထွေထွေအတွင်းရေးမှူး (၂)**

အဖွဲ့ချုပ်သည် ရွေးကောက်တင်မြှောက်ခံရသော အတွင်းရေးမှူးအဖွဲ့သစ်အား လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ထို့အပြင် (၆) လတာကာလအတွင်း အဖွဲ့ချုပ်၏ လုပ်ငန်းများကို အောင်မြင်စွာ ဆက်လက် ဦးဆောင်ဆောင်ရွက်ပေးခဲ့သော ယာယီအတွင်းရေးမှူးအဖွဲ့အားလည်း အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အတွင်းရေးမှူးအဖွဲ့သစ်သည် အဖွဲ့ချုပ်၏ **၁၂** ကြိမ်မြောက် ညီလာခံက အတည်ပြုချမှတ်ခဲ့သော အောက်ပါ နိုင်ငံရေးဦးတည်ချက်များကို ဆက်လက်ဦးစားပေး အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။

- စစ်အာဏာရှင်စနစ်နှင့် အာဏာရှင်စနစ်များအားလုံးအဆုံးသတ်ရေး၊
- အမျိုးသမီးအခွင့်အရေးနှင့် ဂျဲန်ဒါတန်းတူရေး၊ တရားမျှတရေးနှင့် ငြိမ်းချမ်းရေး။
- နိုင်ငံရေးဆုံးဖြတ်ချက် ချမှတ်သည့် အဆင့်တိုင်း၊ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ရေး၊
- အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဖော်ဆောင်ရေး၊
- အမျိုးသမီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊
- ပြည်နယ်များအားကောင်းရေးမှသည် ဖက်ဒရယ်ပြည်ထောင်စုကို အားကောင်းစွာ တည်ဆောက်နိုင်ရေး ချဉ်းကပ်မှုဖြင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး

ရွေးကောက်တင်မြှောက်ခံရသော အတွင်းရေးမှူးအဖွဲ့သစ်သည် အဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ မဟာမိတ်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ကာ ငြိမ်းချမ်း၍ တရားမျှတသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု မြန်မာနိုင်ငံ ပေါ်ပေါက်လာရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်**

**ဘွိုင်နူး** - မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင် (Signal No +66 933 033284)

**မော်ဘျားမာဦး** - အထွေထွေအတွင်းရေးမှူး (Signal No +95 9784081442)

Email; secretariat@womenofburma.org